# မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

## မျှော်မှန်းချက်

၁။ မြန်မာနိုင်ငံ၏ အင်ဂျင်နီယာဝန်ဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသည့် အင်ဂျင်နီယာပညာရှင်များ၏ အသက်မွေးဝမ်းကျောင်း စွမ်းရည် ကမ္ဘာ့အဆင့်မှီမြင့်မားတိုးတက်လာပြီး၊ စဉ်ဆက်မပြတ် ထိန်းသိမ်းထားကာ၊ နည်းစနစ်မှန်ကန်ပြီး ကျင့်ဝတ်သိက္ခာနှင့်အညီ အစဉ်ဆောင်ရွက်နိုင်သူများ ဖြစ်ပေါ်လာစေရန် မျှော်မှန်းပါသည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ

၂။ မြန်မာနိုင်ငံကောင်စီဥပဒေကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၈) ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်က ပြဌာန်းလိုက်ပါသည်။

## ရည်ရွယ်ချက်

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား အင်ဂျင်နီယာ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်။

(ခ) အင်ဂျင်နီယာနည်းပညာများနှင့် သတင်းအချက်အလက် နည်းပညာများကို ပေါင်းစပ်အသုံးချလျက် နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြင့် အကျိုးရှိစွာ အသုံးချနိုင်မည့် နည်းလမ်းကောင်းများ၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်။

(ဂ) အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် သတ်မှတ်ထားသော ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်း ပြည့်မီရန်၊ နည်းစနစ်မှန်ကန်ရန်၊ ဘေးအန္တရာယ် ကင်းရှင်းရန်၊ ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းစောင့်စည်းရန်နှင့် တာဝန်ကျေပွန်ရန် စသည့် လိုအပ်ချက်များ ပြည့်စုံရန်နှင့် စည်းကမ်းစနစ်ကျ စေရန်တို့အတွက် လမ်းညွှန်ကြီးကြပ်ထိန်းသိမ်းပေးမှုများကိုလည်းကောင်း၊ လိုအပ်သော အရေးယူမှုများကို လည်းကောင်း ဆောင်ရွက်နိုင်ရန်။

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါအားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်၊

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဖွဲ့စည်းခြင်း

၄။ တာဝန်ခံဝန်ကြီးဌာနသည် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သင့်လျော်သော ဝါရင့်အင်ဂျင်နီယာများ စုစုပေါင်း ခုနစ်ဦးထက်မပိုသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ဦးပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်းဖွဲ့စည်းပါသည် –

(က) တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝါရင့်အင်ဂျင်နီယာများ ၁၅ ဦး

(ခ) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အင်ဂျင်နီယာပညာရှင်များ ၁၅ ဦး

(ဂ) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များမှ ဝါရင့်အင်ဂျင်နီယာများ ၁၅ ဦး

(ဃ) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော ဝါရင့်အင်ဂျင်နီယာများ ၁၅ ဦး

## အလုပ်အမှုဆောင်ဖွဲ့စည်းခြင်း

၆။ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကောင်စီ ဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများ အဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးများက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးများ က တွဲဖက်အတွင်းရေးမှူးများ အဖြစ်လည်းကောင်း၊ ကောင်စီ ဘဏ္ဍာရေးမှူး က ဘဏ္ဍာရေးမှူး အဖြစ်လည်းကောင်း၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ရှစ်ဦးက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်စေလျက် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ ၁၅ ဦးကို သတ်မှတ်ချက်များနှင့် အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနည်းဥပဒေများ

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၅၂ ၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ (၂၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၄) ၏ သဘောတူညီချက် ဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နည်းဥပဒေများကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၊ (၁၀) ရက်နေ့စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၉၁/၂၀၁၄) ဖြင့် ထုတ်ပြန်ထားပါသည်။

## လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၈။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် အောက်ပါလုပ်ငန်းကော်မတီများကို အလုပ်အမှုဆောင်အဖွဲ့အောက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(က) မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ၊

(ခ) အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ၊

(ဂ) ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(ဃ) စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းကော်မတီ၊

(င) စံချိန်စံညွှန်းများ၊ လုပ်ငန်းအခြေခံစံနှုန်းများနှင့် အင်ဂျင်နီယာဆိုင်ရာ ကျင့်ထုံးများပြုစုရေး လုပ်ငန်းကော်မတီ၊

(စ) အင်ဂျင်နီယာပညာ စဉ်ဆက်မပြတ်သင်ကြားရေး လုပ်ငန်းကော်မတီ၊

(ဆ) အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ကုမ္ပဏီများ၊ အဖွဲ့အစည်းများအား စိစစ်အသိအမှတ်ပြုရေး လုပ်ငန်း ကော်မတီ၊

(ဇ) အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ